
ဆွေမင်းဓနုဖြူ
ကျွန်ုပ်နှင့်

# အခန်း ၁ ၊
# ဝမ်းတစ်ထွာ




တစ်နေ့သ၌
ကျွန်ုပ်တွက်ပိနှင့်
တပည့်ကျော်ဖိုက်
ကလေးတို့သည်
အိမ်ရှေ့ကွပ်ပျစ်ဝယ်
လဲလျောင်းကြရ၏။
ဖိုက်ကားအသ
မတန်လေးချေပြီ။
သေးမျှင်ချက်ပြုတ်
ကျွေးသောဝက်သား
ဟင်းသည်မျက်ခွံ
များမှေးစင်းလာ
အောင်အရွှမ်းပြချေ
ပြီ။

အချိန်ကားနေ့လယ်ကာလမို့ပူပြင်းလှချေသည်။
အဝေးခင်တန်းအုပ်တွင်တလှပ်တို့တရှိန်ရှိန်ထနေ၏။






သို့သော် မသေးမျှင်ကား
ယင်းသဘာဝကို
သဘောမပေါက်သူတည်း။




အလုပ်ကိုလက်ကြောတင်းအောင် လုပ်မယ်စိတ်မကူးအား အားရှိအလျားထိုးဖို့ပဲစိတ်ကူး နေ...
ဟိုဗိုက်ကလေးဆိုတဲ့ကောင်က လဲပျင်းတာ၊ဖျင်းတာ၊လက် ကြောမတင်းတာနောက်ဘာ ကျန်သေးသလဲညံ့တာမှန်သ မျှတော့ဆရာ့တပည့်ပီသ ပါပေရဲ့..
နေပါဦးသေးမျှင်ရဲ့..မင့်ဟာကတဆိတ်ကလေးလွန်ချေပြီနော်.. တို့ဆရာတပည့်နှစ်ယောက်ဟာကအခုဘာလုပ်မိလို့ညံ့ရတာတုံး အလိုလိုနေရင်းညံ့နေလို့လားဟင်နေ့လည်ခင်းတစ်ရေးတမော အိပ်မဲ့ဥစ္စာ..


အဲဒါပြောတာပေါ့ရှင်..မနက်ခင်းကလဲတစ်မနက်လုံးအော
ရိုက်ပြီးပြီ....နေ့လယ်ခင်းအမဲပစ်ထွက်မယ်ထင်ပြီးခေါင့်ကြည့်
နေတာ...ခုအိပ်မယ်ဆိုကုလားဘောကုလားမော..ညနေခေါင်း
မယ်မဟုတ်လားတော့...
ဟဲ့..
ကြည့်..ကြည့်..
ဘယ်မလဲညာ...ဟင်းလျှာမရှိ
ဘူး..တခြားရောင်းစားဖို့ခိုတ်
မကူးနဲ့ရှင်စားဖို့တောင်အမဲ
ရှိရဲ့လား...ဟင်မြိုင်ရာဇာကြီးရဲ့
အောင်မယ်...တော်..
သေးမျှင်...မင်းကလူကို
ခန့်လို့ပါလားကွယော...
၈


အံမာ....ဘာလဲ ရှင်ကခမ်းချင် သပေါ့လေ...ဟုတ် လား...လာ..လာ လာလိုက် ခမ်းဘာ..
မဆွဲနဲ့ ပြုမယ်..
ပြောခမ်းဘာ...ပြောခမ်းဘာ.. မိန်းမကိုရှာမကျွေးချင်ဘူးလို့ ရှင့်ပါးစပ်ကတစ်ခွန်းထဲ ပြောလိုက်ခမ်းဘာ..



ဟိုက်ဆရာတွတ်တော့ ကြမ်းတော့မယ်...မမျှင်တော့ မလွယ်ဘူး..ကြည့်နေ..
ပေးခမ်းဗိုက်ကလေး ငါ့နှစ်လုံးပြူးကို ပေးခမ်းဘာ..
ဟာ...ဆ..ဆရာတွတ်...နှစ်လုံးပြူးကြီးနဲ့တော့ မလုပ်လိုက်ပါနဲ့ဗျာ..ဟိုလင်မယားချောနဲ့သွားတဲ့ မတော်တာ့မြက်ခညင်းရိုးနဲ့ဆုံးမတန်ဆုံးမ..
ဟာ...ချော ရှည်တဲ့ကောင် ပေးခမ်းကွာ ကဲ..
၁၀


လာ...တောထဲဝင် အမဲပစ်ကြမယ်..
ဟိုက်...ငါကသေးမျှင်ကိုများပစ်တော့မလား လို့လက်ခသတ်တော့ဆရာက...ဟီး..ဟီး..ဟီး
သို့ဖြင့်နွေနေ့လယ်ခင်း ပူပြင်းပြင်းကြီးဝယ် ရိုးမတောကြီးထဲသို့ အမဲပစ်ဝင်ရောက် ခဲ့ရပြန်သည်တကား။
အဲဒါပဲတပည့်ကြီးရှေးစာဆိုတောင်ရှိသေး...မိန်းမဟူဘိထိုက္ကတ္တိကား မရှိမကောင်းရှိမကောင်းတည့်၊မပေါင်းလဲခက်ပေါင်းလဲခက်၏... တဲ့..တပည့်ကြီးလဲခုလိုတစ်ကိုယ်တည်းလူပျိုကြီးပဲလုပ်နေပါ ကွာ၊အဲဒါဒုက္ခအေးတယ်..
မဦးမချွတ် ထုလိုက်ရ နော်..


မရှိမကောင်း.. မပေါင်းလဲခက် ဆိုထားတယ်မဟုတ်လားဆရာတွတ်ရဲ့ ရရင်တော့ယူမှာပဲ...
ဪ..ခက်ပါ့ တပည့်ကြီး..
ဟော..ကိုဒွေးဝင်းဇော် ဘယ်ကပြန်လာလဲ
ဈေးကလေ ပြီးမှရုံးသွားရမယ်
အင်း...ကိုဒွေးဝင်းဇော်အပြစ်ကြည့်ပြီးမှပဲ မိန်းမယူချင်စိတ်ကုန်သွားတော့တယ်ဗျာ..
ဟီ..ဟီ...ဒါတောင် အဝတ်လျှော်ဖို့ မိမ်ထားခဲ့တာ မသိကြဘူးဟီး
ဖေ... ညံ့ညံ့လာ

ယနေ့ကားအမဲကောင်ရှားလှချေ၏။ တစ်ကောင်မျှရလိုက်လျှင်
ညစာဟုလုံ့ပြီးခေါခေါ်ဆီးဆီးရပါကတစ်ရေးပြန်အိပ်ရပေမည်..



အခုကမြင်ချင်အဆုံးမျောက်များ
မတွေ့ရ။ ယခုအခါသော်ကျွန်ုပ်
ကားဘာအကောင်တွေ့တွေ့ပစ်
မည်သာတည်း။

တစ်ချို့တွင်ရေသောက်ဆင်းလာ
သောဝံယံတစ်ကောင်ကိုတွေ့ရာ
အသေအချာချိန်ရွယ်ပစ်ခတ်ပါ
သော်လည်းမိတ်လောကြီးနေ၍ထင်...





ကျည်ဆန်သည်လွဲချော်ပြီးလက်မတင်လေးလွတ်ရပါချေသည်။
ဝံမထိသော်ဖိုက်ကလေးသည်ခြေပစ်လက်ပစ်ဖြစ်ရပါချေ၏။




နေလုံးသည်အနောက်ဂေါယာ
ကျွန်းသို့ပွန်းလုပြီထင်သည်။
မှောင်လင့်ချက်ကားကုန်ချေပြီ။



ရိုးကလေးဘေးတွင်တစ်ထောက်နား၏။ မလှမ်းမကမ်းတွင်ရိုက်ပြီးကာစမြက်ပုံများပုံထားသည်ကိုတွေ့ရ၏။ အနီးတွင်လည်းတံစဉ်တစ်ချောင်း။ မြက်ရိုက်သမားကိုမူမတွေ့ရ။




မိတ်ပြေ
လက်ပျောက်ပါကွာ
မြက်နဲ့အသားလဲဖို့ဟာက
မဖြစ်နိုင်တာဟာပဲ...
ထိုခွဲကကျွန်ုပ်သည်ထိုမြက်ခင်းကိုဘာ့ကြောင့်
ထရိုက်မိပါသနည်း။ယခုတိုင်ပြန်တွေးမိတိုင်းအဖြေရှာ
မရပါချေ။သောချာသည်ကတော့စိတ်ညစ်ညူး၍လုပ်မိ
လုပ်ရာထလုပ်ခြင်းသာဖြစ်ပေမည်။


မြက်တို့အကြားဝယ်ရှုးရှုန့်သော
လှုပ်ရှားမှုတစ်ခုကိုကျွန်ုပ်၏
ဆုပ်ထားသောလက်ဖဝါးကသိ
လိုက်၏..
ဟဲ့.. ဘာကြီးလဲ
ဖြတ်ပြီး၍ဆုပ်ထားသော
လက်ကိုအလျှင်စလိုဖြေချ
လိုက်လေလျှင်...
အမယ်လေး မြွေကြီး
နောက်သို့ ခုန်အ ဆုတ်

မြွေကြီးသည်ကျွန်ုပ်တို့ကိုမမှိတ်မသုန်ကြည့်နေ၏။ကျွန်ုပ်သည်
နှစ်လုံးပြူးဖြင့်အသင့်ထိုးချိန် ထားပေသည် ။




ယင်းမှကျွန်ုပ်လည်းမြွေကို မ ယူ လိုက်ရာတိတိရိရိပြုတ်နေပေ၏။
ဟာ...ကံကောင်းလို့ပေါ့ကွာ ငါကမြက်တွေဆုပ်က တည်းကမြွေခေါင်းပါရော ဆုပ်မိတာကိုး....ကံညံ့နဲ့ဖြတ် တော့မြွေခေါင်းပါပါသွား တာပေါ့ကွာ..ဘုရား..ဘုရား...
ကျွန်ုပ်ကားလေသံအပေါ်ဖြီးဖြင့်...
ရော့...သေးမျှင်ဒီနေ့တော့ မြွေသားချက်စမ်း..
အလိုတော်...ကိုတွတ်ပီ.. ရှင့်မြွေကအောက်ပိုင်းကော
မေ့ကျန်ခဲ့.. အဲဟုတ်ပေါင် ဟို...ဟို...


ဪ....သိပါပြီ....ရှင်က မြေတစ်ပိုင်းကို ရှင့်မယားငယ်ဆီ ပေးခဲ့သပေါ့လေ...ကျုပ်နဲ့မတည့်တော့ ရှင်ကအသစ်လေးရှာပြီပေါ့ ဟင်..ကိုကိုတွတ်..ဟင်... ဟုတ်လား..
ဟုတ်တယ်..
အဲ ဟုတ်ဘူး
အာ..ဒီလိုလုပ်ပါမမျှင်ရ....မြေကတွင်းဝ ပြူထွက်လာတုန်းဆရာတွတ်ကခေါင်း ကိုပြေးဆွဲတာမြေကလဲအတော်သန် တာကလား၊ဆရာတွတ်နဲ့ကျွန်တော် ကဆွဲမြေကတွင်းထဲကနေရုန်း၊ နောက်ဆုံးတော့အောက်ပိုင်း ပြတ်ကျန်ရစ်ပါရော....
အဲဒီအတိုင်းပဲ အဲဒီအတိုင်းပဲ
သေးမျှင်ကားကျွန်ုပ်နှင့်ဗိုက်ကလေး၏ စွန့်စားခန်းကိုမျက်လုံးမျက်ဆန်ပြူးမျှ အံ့ဩ ထိတ်လန့်ရှာပေ၏။
ဟူး....တော်ပေသေး ငါ့တပည့်ပြတ် ထိုးညက်ကောင်း ပေလို့..

# အခန်း ၂၊
## ကျွန်ုပ်မှ တစ်ပါး ...........





မကြာခင်ပင်ကျွန်ုပ်ဆန္ဒပြည့်ဝချေသည်၊ဝမ်းမြောက်ဖွယ်သတင်းစကားကို
ဆောင်ကျဉ်းလာသူမှာကား ကျွန်ုပ်တို့ရွာသားကိုဝင်းမင်းပင်တည်း ။
သူ၏နောက်တွင်လူမိမ်းနှစ်ဦးလည်းပါလာချေ၏ ။







လာရင်းကိစ္စကတော့ဆရာတွက်ရေ ဆရာတွက်ကယ်မှဖြစ်တော့မယ် ကိန်းဆိုက်နေလို့ဗျ။ ။
ဖြစ်ပြီဘဝင်က အညင်ကိုကပ်တယ် ထုလိုက်ရ။ ။
ဟိုထမင်းဆိုင်ကြော်ငြာလေးလို့ပေါ့ဗျ။ ။ ဆိုင်ခံ့မှလာပါဆိုသလိုပေါ့ဗျာ၊ ခုလဲ လူခွမ်းကောင်းတွေနဲ့ပြီး မနိုမ်နင်းနိုင်လို့ ဆရာတွက်ဆီရောက်ခဲ့ရတာပါပဲ။ ။
အားလုံးငှားပြီးမှ နောက်ဆုံးဒီရောက်လာ တာကိုး၊ သူတို့အားကိုး ပုံက တမ်မျိုးပဲ


ကျွန်တော်တို့က ကုက္ကိုဝမြစ်ထဲမှာ မကြုံဖူးမိကျောင်းကြီးတစ်ကောင် ရောက်ရှိသောင်းကျန်းနေလို့ဗျို့..
အလို...ခင်ဗျားတို့ဆီကရေငံ ပိုင်းလဲ...မဟုတ်၊ ဘယ့်နှာမိ ကျောင်းရောက်နေတာတုံး
မတော်တဆမျက်စိလည်လာတဲ့ မိကျောင်းထင်ပဆရာထွတ်ရယ်... မြီးဖျားကနေခေါင်းအထိအတောင် နှစ်ဆယ်လောက် ရှိသဗျို့
ကုက္ကိုဝရွာရဲ့အောက်ဘက် ရွာမှာမိုးဦးကျရေပြောပေါက် ချိန်လောက်ကတည်းအဲဒီ မိကျောင်းပေါ်တဲ့သတင်း ကြားရသဗျ..


အစက တိရစ္ဆာန်လောက်ပဲစားပေမယ့်အခုအတင့်ရဲပြီး လူသားပါစားနေလို့လူတွေရေတောင်ဆင်းမချိုးရဲကြတော့ဘူး..။အဲဒီအခုနွေဦးပေါက်ကျတော့အထက်ကိုဆန်တက်နယ် ကျူးလာ လိုက်တာကျုပ်တို့ ကုက္ကိုဝရွာထိရောက်ရောဆိုပါတော့ဗျာ...
အင်း.... တစ်နေ့ မနက်ဆွမ်းခံ ကြချိန်လောက် ဆိုပါတော့ဗျာ..
ဆိုပါဦးဗျ.. အဲဒီမိကျောင်းက လူတွေကိုဖမ်းစား ပုံကလေး..
ကုက္ကိုဝရွာ ကလေးသည် ဧရာဝတီမြစ် ဘေးတွင်တည် ရှိ၏။ရေစည် လှည်းတစ်လှည်း ရေဖြည့်နေသည်။ ပိုင်ရှင်မှာ ရောချမ်းဖြစ်၏။
ရောချမ်း

သစ်တုံးတစ်တုံးသည်
ရေကိုဆန့်ပြီးလှည်း
အနီးသို့တရွေ့ရွေ့
ချဉ်းကပ်လာနေသည်
ကိုရောချမ်းသတိမပြု၏ ။



ပြင်းထန်သောရေပွက်ကြီးဖြစ်ပေါ်သွားပြီးနွားညိုကြီးသည်တုံး
ခန်လဲကျသွား၏ ။





ရုတ်တရက်တော့ရောချမ်းကြောင်သွားသည် ။ကြီးမားလှသော
မိကျောင်းကြီးကို အနီးကပ်ရင်ဆိုင်တွေ့ရခြင်းကြောင့်ဖြစ်၏ ။
တုတ်ခိုင်သောအမြီးကြီးသည်လျှပ်တစ်ပြက်မြောက်တက်သွားခြင်းပင် ။

ရောချမ်းသည်သတိပြန်ဝင်ဝင်ခြင်း ကယောင်ကတန်းဖြင့်နင်တံ
နင့်တအားကုန် ရိုက်နက်လိုက်သည်...သို့တစေ ။



မိကျောင်းကြီး၏အမြီးနောက်တစ်ချက်သည်ရောချမ်း၏ခန္ဓာကိုယ်
ပိန်ပိန်လေးကိုရေထဲသို့ကျသွားစေသည် ။




အမြစ်အပျက်ကာစက္ကန့်ပိုင်းလောက်သာကြာသည်။သွေးကွက်
များရေပြင်တွင်ကျန်ရစ်ပြီးမိကျောင်းကောရောချမ်းပါ
မရှိကြတော့ ။



ရောဝတီမြစ်ပြင်သည်အခေါကဘာမှမဖြစ်ခဲ့သလိုငြိမ်သက်လျက်။ရွာသားများရောက်ရှိလာပြီးကမ်းပေါ်ဆွဲတင်သော်နွားတစ်ကောင်မှာအသက်ပျောက်ပုတ်လိုက်သာကျန်တော့၏။




ရောချမ်းမိကျောင်းဆွဲခံရသည်ဟုကြားရသောရွာသားတို့မှာထိတ်လန့်ကုန်တော့၏။




အမယ်..ဒါဟာဟုတ်သေးတုန်း နောက်တစ်ပတ်မှာမိကျောင်း တစ်ခါသောင်းကျန်းပါရော လားဦးတွက်ပီ..
အင်း.. ဆိုစမ်းပါဦးဗျ..
မိကျောင်းရန်ကြောက်သဖြင့် ရေချိုး ဆိပ်ဆင်းသူ အင်မတန်နည်းချေပြီ ။
ရေမချိုးရဘူး... ကြာရင် ငါးပိကောင် ဖြစ်မှာစိုးရတယ်..
ခဝါသည်ဖြူဖွေးမှာမူပရိယေသနဝမ်းရေးအတွက်မို့ ကြောက်စိတ်ကိုဖယ်ရှားပြီးဆင်းရပြန်ချေသည် ။
ဟာဧရး.. မိကျောင်းနော်.. နာ့ကိုတော့ တနားပါနော်..နာ့မှာ ကားတမီး တစ်ဒါဇင်တောင်ရှိတာ နော်..နာမရှိရင်နာ့မိန်းမ နောက်ယောကျ်ားယူမှာနော်.. နော်..မိကျောင်း...နော်....


ဖြူဖွေးမှာအခဝတ်သာရှော်
နေရသော်လည်းနောက်ကျော
မလုံသဖြင့်မကြာခဏလှည့်ကြည့်ရှာ၏။
ဟမ်း
အဝတ်တွေချွေခြင်းမခြင်းတော့
မသိ။ဖြူဖွေးမှာကြောက်
ဒူးတုန်ပြီးအမြန်ရှော်သည်။
ဟာ ရေး..ပြီးပြီ
ခုခုပေါင်းသုံးမိနစ်ပဲ
ကြာတယ်...
ကမ်းပေါ်ရောက်
ပြီးပြန်မည်ပြင်စိုက်
ဟရေး ....ဟိုမှာသစ်တုံးကြီးမျောလာပါ
လား..အဝတ်ပဲအခြောက်လှမ်းပြီး..ထင်း
ဆိုက်ရမယ်...မီးသွေးချေးကလေးဆယ်ကျော်
နေပြီ၊နှာကံမတာပဲ၊ဟီး..ဟီး...တခြားလူ
မမြင်ခင်မြန်မြန်ဆယ်မှ..


ဦးသခ်ဲ့ကုံးမျိုးဆို
တစ်လလောက်ဆိုက်ရ...ရ..ရ
မိကျောင်းကြီး...
ကလေးများသဖြင့်အဆင်မပြေရှာသောဖျူဖွေးမှာမိ
ကျောင်းကိုသခ်ဲ့ကုံးထင်မိပြီး လောဘဇောတိုက်ရာမှ
အသက်ပါသွားရချေတော့သည်။


လူသားခါးမိပြီဆိုရင်လဲ လူသားပဲ ခါးရှမှူ အင်မတန်ကြောက်စရာ ကောင်းတယ်..
ခု...လာကာနီးလေးတင်ပဲဘုန်းကြီးကျောင်းသားလေးဆန်းလင်း ပျောက်သွားပြန်တယ်... ကြော်...
အခုကတော့အလည်လွန်နေတယ်ထင်နေတာ နောက်မှဘယ်ဟုတ်ပါ့မလဲဗျာ.....ကမ်းစပ်တစ် နေရာမှာသူ့ရဲ့ပုဆိုးအကျႌချွတ်ပုံထားတာ တွေ့မှမိကျောင်းခါးသွားမှန်းရိပ်မိတော့ သဗျို့..
အရိပ်ပြ အကောင်ထင်ပြီ မိကျောင်းခါး သွားတာပဲဗျို့..
တော်ပါ ပေ့ကွယ်


အခုဆို ကုက္ကိုဝတစ်ရွာလုံးလဲ မိကျောင်းရန်ကြောက်ပြီး ရေမချိုးရဲကြတော့ဘူး..
ဝေးဝေးကရျောက် မင်းရေမချိုးတာ ဘယ်လောက်ကြာပြီလဲ..
နံတယ်
အမိမာ...သူကပြောရသေး တယ်...ဟေ့..တစ်ရွာလုံးမှာ ဘယ်သူရေဆင်းချိုးရ လို့လဲကွဟင်..
အင်း..ဒီလောက်ကြောက်ရွံ့ နေကြရင်တော့..ဒီမိကျောင်းကို နှိမ်နင်းဖို့ကျွန်ုပ်မှာ တာဝန်ရှိပါသေးတယ်...
ကံမကောင်း တဲ့နိဒါန်း ပြီ...